**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**

စာအမှတ် - ပဃဖ - ၁ / ၂၀၂၃ (၀၃၈)

ရက်စွဲ - ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက်

အကြောင်းအရာ။ **အဆိပ်ရှိပစ္စည်း (၂) မျိုးနှင့် အထက် ပိုမိုပါဝင်သော ပိုးသတ်ဆေးများအား မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီများ သိရှိလိုက်နာစေရေးအတွက် အသိပေးကြေညာခြင်း**

ရည် ညွှန်း ချက် ။ (၂၉-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပသော ( ၃၈ )ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်

၁။ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ( ၂၉-၁၂-၂၀၂၂ ) ရက်နေ့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ပိုးသတ်ဆေးတစ်မျိုးကို ဖော်စပ်ထုတ်လုပ်ရာတွင် ရောနှောအသုံးပြုသည့် အဆိပ်ရှိပစ္စည်း ( Active Ingredients ) (၂)မျိုးအထက် ပိုမိုပါဝင်နေမှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူ့ကျန်းမာရေးကို အန္တရာယ်မြင့်မားစေနိုင်သောကြောင့် အခြားနိုင်ငံများတွင် မှတ်ပုံတင်ခွင့်ပြုချက် ရရှိထားမှုအပေါ် စိစစ်၍ ခိုင်မာသော အထောက်အထားများကို တင်ပြလျှောက်ထားပြီးမှ မှတ်ပုံတင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိပ်ရှိပစ္စည်း(၂)မျိုးနှင့်အထက် ပိုမိုပါဝင်သော ပိုးသတ်ဆေးများအား မှတ်ပုံတင်လျှောက်ထားရာတွင် -

(က) လူသားများအပေါ် အဆိပ်သင့်နိုင်မှုအား စမ်းသပ်ဆောင်ရွက်ထားသော အထောက်အထား (Research Paper for Human Toxicity of 3 AI Combination Products)

(ခ) Reference Label

(ဂ) ယင်း အဆိပ်ရှိပစ္စည်း(၃)မျိုးအရော၏ အာနိသင်ထိရောက်မှု စမ်းသပ်ဆောင်ရွက်ထားသောအထောက်အထား ( Research Paper for Efficacy Test of 3 AI Combination Products)

(ဃ) Reference နိုင်ငံအနေဖြင့် Manufacturer နိုင်ငံအပါအဝင် အခြား( ၂ )နိုင်ငံမှ Reference အထောက်အထားများကို တင်ပြလျှောက်ထားရန်

(c) ရှေးဦးသူနာပြုစုနည်းအသေးစိတ် (Detail Data of First Aid)

စသည့် အထောက်အထားများကို တင်ပြလျှောက်ထားပြီးမှ ခွင့်ပြုမည်ဖြစ်ကြောင်း သိရှိ လိုက်နာစေရေး အသိပေးကြေညာပါသည်။

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး

ဖြန့်ဝေခြင်း
သက်ဆိုင်ရာကုမ္ပဏီများအားလုံး

---

မိတ္တူကို
- ဥက္ကဋ္ဌ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
- ကြော်ငြာသင်ပုန်း
- ရုံးလက်ခံ၊ နေ့စဉ်